# သင်းနှင်းတံခွန်

လင်းဦးသက်

ဝတ္ထုတိုစုစည်းမှု



လွဲမှားမှုမရှိခဲ့လို့
မြင်နေကျလမ်းကြောင်းတွေတောင်
လွဲခဲ့တယ်

## ပလေတိုးနစ် ကော်ဖီဆိုင်

“မြို့ကလေးမှာ

ပန်းတွေပွင့်တဲ့အခါ

ကျွန်တော့်ကို သတိရပါ”

ကိုကိုရေ လွမ်းလို့များပင်နေပါပြီ။ ကိုကို့ရဲ့ စကားတွေ၊ ကိုကိုရဲ့အပြောတွေနဲ့ ဟောဒီတောင်ပေါ်မြို့ကလေးက ပန်းတွေ ပွင့်နေပြန်ပြီ။ အဲဒီ ပန်းတွေ ပွင့်နေလို့ပဲ ကိုကို့ရဲ့ စကားလုံးတွေကို လွမ်းဆွတ်လို့ နေရပြန်တယ်။

ပြောတတ်လိုက်တာ ကိုကိုရယ်။ ပြင်ဦးလွင်မှာ ပန်းတွေပွင့်တိုင်း ကိုကို့ကို သတိရရမယ် ဟုတ်လား။ ကိုကို့ကို သတိရနေတာနဲ့ပဲ အလုပ်အကိုင်တွေ ပျက်တော့မှာပေ့ါ။ ပြင်ဦးလွင်မှာက ပန်းတွေ အမြဲပွင့်နေတာပဲလေ။

ဟုတ်တယ်။ အခုတော့လည်း ပန်းပွင့်ကလေးတွေက ကိုကို့ရဲ့ မျက်လုံးတွေနဲ့ ကျွန်မကို ကြည့်နေကြတယ်။ ပန်းပွင့်ကလေးတွေရဲ့ ဝတ်မှုန်တွေဟာ ကိုကို့ရဲ့ စကားလုံးတွေ နေမှာပါ။ ပန်းပွင့်တိုင်းမှာ ကိုကို့ရဲ့ စကားလုံးဝတ်မှုတွေ။ နေရာတိုင်းမှာ ကိုကို့ရဲ့ စကားလုံးဝတ်မှုန်နဲ့ စကားပြောနေကြတော့ ကျွန်မရင်ထဲ အထီးကျန်လှပါတယ်။ နေရာတိုင်းမှာ အထီးကျန်စိတ်ကလေးနဲ့ မှိုင်တွေငေးမောရင်း အလွမ်းအဆွေးစိတ်ဟာ လှိုက်ဟာနေတဲ့ ရင်ကို ဖိစီးဖြည့်သိပ်ခဲ့တယ်။

ကိုကိုနဲ့ကျွန်မ စတင်ဆုံဆည်းခဲ့တဲ့ ကော်ဖီဆိုင်လေးကို ကျွန်မက နေ့လယ်မွန်းလွဲစ အချိန်တွေမှာ အမြဲတမ်း မပျက်မကွက် ရောက်အောင်

လာခဲ့ပါတယ်။ ကိုကိုပြန်သွားတဲ့ နောက်တစ်နေ့ကစလို့ ဒီနေ့ ဒီအချိန်အထိ တစ်ရက်မပျက် ရောက်ခဲ့ပါတယ်။ ကျွန်မတို့ စတင် ဆုံစည်းခဲ့တဲ့ ဟောဒီကော်ဖီဆိုင်လေးကို ကိုကိုက နာမည်ဆန်းဆန်းလေးတစ်ခု ပေးခဲ့တာပဲ မဟုတ်လား။

ကိုကို ပြောခဲ့တာလေ။ "ပလေတိုးနစ် ကော်ဖီဆိုင်" တဲ့။

ကျွန်မက ဝေါဟာရ ဆန်းဆန်းပြားပြားတွေနဲ့ အကျွမ်းတဝင် ရှိသူ မဟုတ်ပါဘူး။ ကိုကိုပြောခဲ့တဲ့ 'ပလေတိုးနစ် ကော်ဖီဆိုင်' ဆိုတဲ့ နာမည်ရဲ့အဓိပ္ပာယ်ကိုလည်း နားမလည်ရပါဘူး။ ကိုကိုကတော့ ကျွန်မကို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါတယ်။

'ပလေတိုးနစ်လဗ်' ဆိုတာ ရှိတယ်။ သူစိမ်းယောက်ျားနဲ့ သူစိမ်းလူမိန်းမတို့ရဲ့ ရာဂမပါတဲ့ အချစ်၊ သန့်စင်တဲ့ မေတ္တာတဲ့။ သိပ်ပြီး သိမ်မွေ့နက်နဲတဲ့ အဓိပ္ပာယ်ပါတဲ့။ ထိန်းရသိမ်းရ ခက်ပြီး ရှားပါးလှတဲ့ စိတ်ခံစားမှုတဲ့။

ကျွန်မ သဘောကျခဲ့ရတယ်။ ဟောဒီ ကော်ဖီဆိုင်ကလေးကိုလည်း ကိုကိုက သန့်စင်သိမ်မွေ့မှုရှိတဲ့ မေတ္တာနဲ့ ကော်ဖီဆိုင်လေးအဖြစ် ကင်ပွန်းတပ်ချင်ပုံပေါ့။ တပ်လိုက်တဲ့ သဘောပေါ့။ ကြည်နူးစရာကောင်းလိုက်တာ ကိုကိုရယ်။

သန့်ရှင်းသပ်ရပ်တဲ့ ဟောဒီကော်ဖီဆိုင်လေးထဲမှာ ကျွန်မတို့ စတင်ဆုံစည်းခဲ့တဲ့ အချိန်ကစပြီး ကော်ဖီဆိုင်လေးဟာ ပိုလို့ အဓိပ္ပာယ် ရှိလာခဲ့ပါတယ်။

အရင်ကတော့ ကော်ဖီမွှေးမွှေးကလေး သောက်ရတာ ရယ်၊ သီချင်းအေးအေးကလေး နားထောင်ရတာ ရယ်၊ စတစ်ကာကပ် မှန်ချပ်တွေနဲ့ ကာရံထားတဲ့ အခန်းတွင်းကနေ လမ်းမကို ငေးခွင့်ရတာ ရယ်ကလွဲပြီး

ကော်ဖီဆိုင်ကလေးရဲ့ အရသာကို ဒီထက်ပိုလို့ မဖွဲ့နွဲ့နိုင်ခဲ့ဘူး။ အခုတော့ ကိုကိုက ပလေတိုးနစ် ကော်ဖီဆိုင်ကလေးတဲ့။

ချစ်စရာကောင်းလိုက်တဲ့ နာမည်ကလေးပါ ကိုကိုရယ်။

ကော်ဖီဆိုင်ရှင်ကို ကိုကိုပေးခဲ့တဲ့ နာမည်ကလေး ပြောပြလိုက်တော့ ကော်ဖီဆိုင်ရှင်က အဲဒီ နာမည်ကလေးကို ဆိုင်နာမည်ပေးပြီး ဆိုင်းဘုတ်ပြောင်းတတ်လိုက်တယ်။ ကျွန်မရင်ထဲမှာ ဂမ်းသာကြည်နူးလိုက်တာ။

နာမည်ဆန်းတဲ့ ကော်ဖီဆိုင်ကလေးရဲ့ အဓိပ္ပာယ်ကို သိသွားတဲ့ လူတွေက ကျေနပ်တဲ့အကြောင်းနဲ့ မသိသေးတဲ့ လူတွေကြုံရင်ကြုံသလို စူးစမ်းလာကြကြောင်း ဆိုင်ရှင်ကလည်း စိတ်ရှည်လက်ရှည် ရှင်းပြခဲ့တယ်လို့ ကျွန်မကို ရှင်းပြခဲ့ပါတယ်။

ကိုကိုရေ၊ ကိုကိုရဲ့ ဝေါဟာရတွေနဲ့ ကော်ဖီဆိုင်ကလေးက အသက်ရှူနှုန်းတွေ မြန်၊ ရင်ခုန်နှုန်းတွေ သွက်၊ မေတ္တာတရားရဲ့ စည်းချက်တွေ ညီညာခဲ့ပါတယ်။ ကိုကိုက စည်းချက်တွေရဲ့ အရှင်သခင်တစ်ပါးပါ။ ကိုကိုနဲ့ စတင်တွေ့ဆုံခဲ့ပုံမှာလည်း စည်းချက်တွေ ရှိခဲ့တာပဲ မဟုတ်လား။

***

အဲဒီ နေ့က ကော်ဖီဆိုင်ရဲ့ ကက်ဆက်ကဖွင့်နေတဲ့ သီချင်းသံကို နားထောင်ရင်း ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ကိုကိုတစ်ယောက်တည်း ကက်ဆက်ကာဗာကို ကိုင်ကြည့်ရင်း ကော်ဖီသောက်နေတာကို တွေ့လိုက်ရတယ်။ သီချင်းသံက အသစ်ပါ။ အဆိုတော်အသစ်ရဲ့ အသံပါ။ ကျွန်မ တစ်ခါမှမကြားဖူးတဲ့ ရှားပါးအသံပေါ့။ ဟောဒီကော်ဖီဆိုင်မှာရှိတဲ့ တိပ်ခွေအားလုံးကို ကျွန်မက နားထောင်ဖူးပြီးသား။ သီချင်းတွေ အားလုံးကို သိပြီးသား။ အခုသီချင်းဆိုနေတဲ့ အသံကတော့ အသံသစ်ပါ။ သီချင်းက သီချင်းဟောင်းတစ်ပုဒ်ဆိုပေမယ့် အသံက အသံသစ်ပါ။ ကျွန်မ ဆက်ပြီး နားထောင်နေဖြစ်တယ်။ အသံက အရင်ကဆိုခဲ့တဲ့

အဆိုတော်ရဲ့ အသံထက် ပိုပြီး တည်ငြိမ်တယ်။ ဒီဘက်နှစ်တွေမှာ ပိုပြီး ခေတ်စားလာတဲ့ ကွဲအက်အက် အသံမျိုးနဲ့ အသံအားကောင်းတယ်လို့ ပြောလို့ရတဲ့ ထူးခြားတဲ့အသံပိုင်ရှင်ပါ။

ကျွန်မက သီချင်းတွေနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတတ်သူဆိုတော့ ဆိုင်ကောင်တာဆီထသွားပြီး မိတ်ဆွေဖြစ်နေတဲ့ ကောင်တာက အရောင်းစာရေးမလေးကို မေးမိတယ်။

"ဘယ်သူ ဆိုတာလဲ၊ အသံတော့ အရမ်းငြိမ်တယ်" လို့ ပြောမိတော့ ကောင်တာက ညီမလေးက စားပွဲမှာ ထိုင်နေတဲ့ ကိုကို့ကို မေးငေ့ါပြတယ်။ ပြီးမှ 'အဲ့ဒီပုဂ္ဂိုလ် ယူလာတာ ဘယ်က ဘယ်သူဆိုတဲ့ သီချင်းတွေမှန်း မသိဘူး' တဲ့။ လေသံကလေးနဲ့ ပြောတယ်။

ဟုတ်မှာပါ။ သူက သီချင်းတွေကို စိတ်ဝင်စားတဲ့သူပဲ။ ကျွန်မက ဆက်ပြီး နားထောင်နေမိတယ်။ ကော်ဖီသောက်လိုက်၊ သီချင်းနားထောင်လိုက်နဲ့။ သီချင်းတွေက လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်းက နာမည်ကြီးခဲ့၊ ကောင်းခဲ့တဲ့ သီချင်းတွေပါ။ ဆိုတဲ့သူကသာ အသံသစ်ဆိုတော့ စိတ်ဝင်စားစရာ ကောင်းနေတာ။

ဒီနေ့မှ ဖြစ်ချင်တော့ ကော်ဖီဆိုင်ထဲမှာလည်း ကော်ဖီသောက်သူဆိုလို့ ကျွန်မနဲ့ကိုကို နှစ်ယောက်တည်းသာ ရှိနေခဲ့တယ်။ ကိုကိုကတော့ စာစောင်တစ်စောင်ကို သဲကြီးမဲကြီး ဖတ်နေပါတယ်။

ကျွန်မက မနေနိုင်လွန်းလို့ ကိုကို့စားပွဲဆီ လျှောက်သွားပြီး 'တိပ်ခွေကာဗာလေး ကြည့်မယ်နော်' လို့ ခွင့်တောင်းမိတယ်။ ကိုကိုကလည်း 'ကြည့်ပါ' တဲ့။ ခွင့်ပြုတဲ့ စကားသံပြာပြာကို အေးတိအေးစက်နဲ့ တုံ့ပြန်တယ်။ တိပ်ခွေရဲ့ကာဗာမှာလည်း အဆိုတော်ရဲ့ နာမည်ကို ရေးမထားဘူး။ ကျွန်မက သီချင်းတွေရဲ့ ခေါင်းစဉ်တွေကိုပဲ လိုက်ဖတ်နေမိတယ်။ နောက်တော့ -

'သီချင်းခွေက ဆိုတဲ့သူရဲ့ နာမည်လည်း မပါဘူးနော်၊ ဘယ်သူဆိုတာလဲ'

ကျွန်မက မနေနိုင်လွန်းလို့ မေးမိပါတယ်။

‘ဟုတ်တယ်၊ ဆိုတဲ့ လူနာမ်မပါဘူး။ ဒါ ကျွန်တော်ကိုယ်တိုင် ဆိုထားတဲ့ သီချင်းခွေပါ။ ညကမှ ကာရာအိုကေသီချင်းဆိုခန်းတစ်ခုကနေ သွားပြီး အသံသွင်းယူလာတာ၊ အဲဒါ ကိုယ်ပိုင်ကက်ဆက်မရှိတာနဲ့ ကော်ဖီဆိုင်မှာ လူရှင်းတုန်း လာဖွင့်ခိုင်းပြီး နားထောင်နေတာ’

‘ကျွန်မက ထင်တောင်မထင်ဘူး။ ဟောဒီလို အဆိုကောင်း၊ အသံကောင်းလူတစ်ယောက်ကို ကျွန်မ တစ်သက်မှာ အရှင်လတ်လတ် မြင်တွေ့စကားပြောခွင့် ရဖူးလိမ့်မယ်လို့လေ၊ ဟောဒီနေ့ခင်းကတော့ ကော်ဖီဆိုင်ကလေးမှာ ရှင့်အတွက်နဲ့ ဂုဏ်ယူစရာ ကောင်းလိုက်တာ’

‘ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ဝါသနာအရ မနေနိုင်လွန်းလို့ပါ။ စိတ်ဖြေတဲ့ သဘောလောက်ပါ။ ပရိသတ်က အသိအမှတ်ပြုတော့လည်း ကျွန်တော် ဂမ်းသာရပါတယ်’

‘အခုဆိုရင် ကျွန်တော့်ဘက်မှာ ပရိသတ်က တစ်ရာရာခိုင်နှုန်း အပြည့် ရှိသွားပြီ။ ဘာပြုလို့လဲဆိုတော့ အခု ကျွန်တော် ကော်ဖီဆိုင်ထဲမှာ ကော်ဖီသောက်ရင်း သီချင်းနားထောင်နေတာ နောက်ထပ်ဧည့်သည်ဆိုလို့ ခင်ဗျားတစ်ယောက်ပဲ ဝင်လာသေးတယ်၊ အဲဒီ ဝင်လာတဲ့ တစ်ယောက်တည်းသောသူက ကိုယ့်ပရိသတ် ဖြစ်သွားပြီး။ ကိုယ့်ကို အားပေးတယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် ကိုယ်က ဂုဏ်ယူတဲ့ အနေနဲ့ ပရိသတ်ကို ပြန်လည် ဂုဏ်ပြုပါရစေ’

တွေ့ဆုံခြင်းရဲ့ အစနေ့မှာပဲ လှပခဲ့ပါတယ်။ ကိုကို့သီချင်းသံတွေ၊ ရယ်သံတွေဟာ ကော်ဖီဆိုင်ကလေးထဲက လှပတဲ့ စားပွဲပေါ်မှာ ရင်းနှီးခင်မင်ခြင်းပန်းတွေကို ပွင့်ဝေစေခဲ့ပါတယ်။

ကိုကိုရေ အခုတော့လည်း ပြင်ဦးလွင်ဆိုတာ နှင်းငွေ့တွေ၊ လေအေးတွေ၊

ပန်းပွင့်တွေနဲ့ သာယာလှပသလောက် စိတ်ခံစားမှုအတွက် ခြောက်သွေ့ပျင်းရိဖွယ် ကောင်းလှပါတယ်။

ကိုကိုပြန်သွားတော့ အပြာရောင် မိုးဖွဲကလေးတွေကြားမှာပေါ့။ ကျွန်မတို့ မြို့ကလေးကို ဧည့်သည်အဖြစ် ရောက်ရှိခဲ့တဲ့ နေ့ရက်အတွင်းမှာ ကျွန်မနဲ့ ကိုကို မိတ်ဆွေဖြစ်ခဲ့ကြတာ။ ကျွန်မဘဝမှာ ဒီလို စိတ်ခံစားမှုနဲ့ မိတ်ဆွေတွေ ရရှိလာလိမ့်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ရရှိလာတဲ့ မိတ်ဆွေကျတော့လည်း ခဏလာတဲ့ ဧည့်သည်ဖြစ်နေလို့ စိတ်မကောင်း ဖြစ်ရတယ်လို့ ကိုကို့ကို ပြောမိတော့ -

'အားလုံးဟာ ဧည့်သည်ပါပဲ။ အားလုံးဟာ စကြဝဠာရဲ့ ဧည့်သည်ပါ။ သင်္ခါရတရားရဲ့ သက်သေပြချက်အဖြစ် လက်တွေ့ပြနိုင်မယ့် ဧည့်သည်တွေပေါ့၊ တစ်ချိန်မဟုတ် တစ်ချိန်တော့ ခွဲကြရမှာ၊ ဒါပေမဲ့ ဧည့်သည်သက်တမ်းအချိန်ကာလတစ်ခုအတွင်းမှာ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာတရားတွေနဲ့ ကမ္ဘာမြေရဲ့ ယဉ်ကျေးမှုပါ၊ ကမ္ဘာမြေရဲ့ အနုပညာပါ။ ဒီယဉ်ကျေးမှုအနုပညာတွေကို ဖွံ့ဖြိုးအောင် ရှင်သန်အောင် တစ်နေရာရာက ပါဝင်ခဲ့ဖို့တော့ လိုအပ်မှာပေါ့'

'အခုဆိုရင် ကျွန်တော့်မှာ ဖြူစင်သန့်ရှင်းတဲ့ ခင်မင်မှုနဲ့အတူ ဂီတအနုပညာဆီ အာရုံချင်း ချဉ်းကပ်တဲ့ မိတ်ဆွေတစ်ယောက် ဒီကမ္ဘာပေါ်မှာ ရှိခဲ့ပြီး ပေါင်းသင်းဆက်ဆံခြင်းဆိုတာကလည်း အနုပညာတစ်ရပ်ပါ၊ ဒီထက်ပိုပြောရရင် ယဉ်ကျေးသိမ်မွေ့စွာ ပေါင်းသင်းဆက်ဆံခြင်းဆိုတာ အထက်တန်းကျတဲ့ အနုပညာတစ်ရပ်ပေါ့'

'အထက်တန်းကျတဲ့ အနုပညာတွေ ရှင်သန်ထွန်းကားနေသမျှ ကမ္ဘာမြေဟာ ငြိမ်းချမ်းနေမှာပါ။ ငြိမ်းချမ်းနေတဲ့ကာလမှာ နေထိုင်နေတဲ့ လူတွေရဲ့ စိတ်ဓာတ်အခြေအနေတွေနဲ့ သမိုင်းစာမျက်နှာကလည်း ယဉ်ကျေးမှုအနုပညာနဲ့ ပြည့်ဝနေမှာပေါ့၊ လူ့သက်တမ်းတိုတိုအတွင်း အဓိကအရေးကြီးတဲ့ အချက်ကတော့

ဒါပါပဲ’

‘ကျွန်တော်တို့တစ်တွေဟာ ယဉ်ကျေးမှုအနုပညာနဲ့ ငြိမ်းချမ်းရေးမှာ ပျော်ဝင်တဲ့ စိတ်ကူးရန့်တွေ ရှိခဲ့တယ်၊ ကျွန်တော့်အထင်ကတော့ လူတိုင်း လူတိုင်းဟာ ယဉ်ကျေးမှုအနုပညာကို ဖန်တီးနိုင်စရာ မလိုပါဘူး၊ စိမ့်ဝင်ယုံကြည့်ရင်ပဲ လုံလောက်တယ်လို့ ယူဆပါတယ်၊ ကျွန်တော်တို့ကြောင့် ကမ္ဘာမြေဟာ မနိုင်ဝန် မဖြစ်စေရဘူး၊ အနိဋ္ဌာရုံ မဖြစ်ရဘူး။ ကျွန်တော်တို့ရဲ့ စိတ်ကူးတွေနဲ့ ပလေတိုးနစ် ကော်ဖီဆိုင်လေးတစ်ဆိုင် ကမ္ဘာမြေရဲ့ တစ်နေရာမှာ ရှိခဲ့ဖူးတယ်၊ ပလေတိုးနစ် ကော်ဖီဆိုင်လေးဟာ ကမ္ဘာပေါ်မှာ ကျွန်တော်တို့ ဘယ်ပုံစံနဲ့ ရှင်သန်ခဲ့ဖူးတယ်ဆိုတဲ့ အမှတ်အသားပဲ၊ ဒါပဲ အရေးကြီးတယ်လို့ ကျွန်တော် ယုံကြည်မိတယ်’

‘ဟုတ်တယ် ကိုကို ပြောခဲ့သလိုပဲ ပလေတိုးနစ်ကော်ဖီဆိုင်ကလေးဟာ မေတ္တာတရားရဲ့ သင်္ကေတပဲ၊ ကမ္ဘာမြေအတွက် အရေးကြီးတဲ့ မေတ္တာတရားရဲ့ သင်္ကေတပဲ၊ မေတ္တာတရားသာမရှိရင် ကမ္ဘာမြေပေါ်မှာ ပန်းတွေလည်း ပွင့်မှာ မဟုတ်ဘူးနော်’

ကိုကိုရေ၊ မေတ္တာတရားရေ၊ ကော်ဖီဆိုင်ကလေးရေ၊ မြို့ကလေးမှာ ပန်းတွေ ပွင့်နေတာ ဘယ်သူတွေကြောင့်လဲကွယ်။

**(၁၇၊မေ၊၁၉၉၈)**

*

# အက်စစ်ဝဲင်

ကျွန်မ ဒီစာချုပ်ကို အကြိမ်များစွာ ထုတ်ကြည့်ခဲ့ဖူးပြီ။ အကြိမ်ပေါင်းမည်မျှ ရှိပြီဆိုတာကိုတော့ ကျွန်မ မမှတ်မိတော့။ လွန်ခဲ့တဲ့မိုးဦးရာသီကတည်းကဆိုတော့ တစ်နှစ်ပြည့်ခါတော့နီးနေပြီပေါ့။ စာရွက်ကလေးက ခေါက်ရိုးများ ကျိုး၍ နေပြီ။ ထုတ်ကြည့်ပါများ၍ မူလအရောင်မှာ နည်းနည်းနွမ်းနေပြီ။

ဟောဒီ ကွာရှင်းပြတ်စဲ ပြီးစီးခြင်းစာချုပ်ရဲ့ အောက်ခြေတစ်နေရာမှာ ကျွန်မ လက်မှတ်ထိုးပြီးသားပါ။ ကျန်နေသေးတဲ့ သူ့လက်မှတ်ထိုးဖို့ ကျွန်မ ဘယ်လိုကြိုးစားရမလဲ။ သူကတော့ ဘာမှ မသိသေးဘူးပေါ့။ ဒီစာချုပ်ကလေးထဲမှာ သူ့လက်မှတ်ထိုးလိုက်ရင် ကျွန်မရဲ့ မွန်းကျပ်မှုတွေ ပြေလျော့သွားမလား။ ရက်ရှည်လများ ခံစားခဲ့ရတဲ့ တနုံ့နုံ့နဲ့ စိတ်အကျပ်အတည်းဟာ ကျွန်မရဲ့ စိတ်အစဉ်ကို ထုံထိုင်းစေခဲ့တယ်။ အကြိမ်များစွာ တွေးမိခဲ့တယ်။ အကြောင်းအရာတစ်ခုဟာ အကြိမ်များစွာ နာကျင်နေတဲ့ နှလုံးသားတစ်ခုနဲ့အတူ ခံစားခဲ့ရတယ်။

ကျွန်မ ပွင့်ပွင့်လင်းလင်း ဖွင့်ဟတိုက်တွန်းဖို့ ကောင်းတယ်။

'ဟောဒီစာချုပ်မှာ လက်မှတ်ထိုးပေးပါလား' ဆိုတဲ့ စကားကို ကျွန်မ စိတ်ကူးထဲမှာ အကြိမ်များစွာ ရေရွတ်ခဲ့ဖူးတယ်။ တစ်ခါတော့ စိတ်ရဲ့ စွဲလမ်းမှုကြောင့်လား မပြောတတ်ဘူး။ ညတစ်ညရဲ့အိပ်မက်မှာ ကျွန်မ သူ့ကို ပြောဖြစ်ခဲ့တယ်။

သူ့အလုပ်က ပြန်လာတော့ ညရောက်နေပြီ။ ကျွန်မကတော့ ထိတ်လန့်တုန်လှုပ်နေတဲ့ မျက်နှာနဲ့ အိပ်ရာပေါ်မှာ နားနေတဲ့သူ့အနားကို တိုးကပ်သွားတယ်။ ကျွန်မလက်ထဲမှာ စာရွက်ကလေးကို ကိုင်လို့ပေါ့။ အိပ်ရာပေါ်မှာ အိပ်ရာခင်းနေတဲ့ သူ့ကို ကြည့်လိုက်တော့ သူ့မျက်လုံးတွေက မေးရိုးနေတယ်။ လည်ချောင်းထဲမှာ တစ်ခံနေတဲ့ အမည်မဲ့ အတားအဆီးတစ်ခုကို ဖြတ်ကျော်ပြီး တိုးညင်းတဲ့ အသံလှိုင်းတွေကတစ်ဆင့် ဝိုးတဝါး စကားလုံးတွေ ထွက်သွားတယ်။

'ကျွန်မကို ဒီစာချုပ်ထဲမှာ လက်မှတ်ထိုးပေးပါလား' ဆိုတော့ သူက အိပ်ရာပေါ် မှိန်းနေရာက မထဘဲ စာရွက်ကလေးကို လှမ်းယူပြီး ဖတ်ကြည့်တယ်။ စားပွဲပေါ်က ဖောင်တိန်တစ်ချောင်းကို လှမ်းယူပြီး လက်မှတ်ထိုးပေးတယ်။ သူ့မျက်နှာကို ကျွန်မ အကဲခတ်ကြည့်နေဆဲမှာပဲ အိပ်ရာပေါ်က အခါတိုင်းထသလိုထပြီး ဖောင်တိန်ကို သူ့အကျႌအိတ်ထဲထည့်လို့ အခန်းထဲက သက်သက်သာသာ ထွက်သွားခဲ့တယ်။ တစ်ချောက်လောက်များ ပြန်လှည့်ကြည့်ဦးမလားလို့ ကျွန်မ သူ့ကျောပြင်ကို ငေးကြည့်နေခဲ့သေးတယ်။ ဒါပေမဲ့ သူ့မှာ ကျွန်မနဲ့ သံယောဇဉ် နည်းနည်းကလေးမှ မရှိခဲ့လေသလိုပဲ။ ကျွန်မရင်ထဲမှာ တလှိုက်လှိုက်နဲ့ ဝမ်းနည်းစွာ ငိုကြွေးခဲ့ရတယ်။ ကျွန်မ သူ့ကို လိုက်ခေါ်ဖို့ အခန်းတံခါးဘက်ကို အပြေးကလေး လျှောက်သွားတဲ့အချိန်မှာပဲ အိပ်မက်က နိုးခဲ့ရတယ်။

ကျွန်မရဲ့ မျက်ရည်တွေကို သူက ကြည့်ရင်း အိပ်ရာထဲ ကျွန်မဘေးမှာ အိပ်နေရာက 'အိပ်မက်မက်နေတာလား' တဲ့၊ 'ဟုတ်တယ် အစ်ကို ကျွန်မ အိပ်မက် မက်နေတာ၊ အိပ်မက်တွေ အရမ်းဆိုးတာပဲ၊ အိပ်မက်ထဲမှာ ငိုခဲ့ရသေးတယ်'

ကျွန်မရင်ထဲမှာ အိပ်မက်ကို ပြန်တွေးရင်း လှိုက်ခုန်စွာ ဝမ်းနည်းနေတယ်။

'ရေသောက်လိုက်ပါလား၊ ဒါမှ မင်း သက်သာသွားမှာ၊ အိပ်မက်က တော်တော်ဆိုးဟန် တူတယ်၊ ငိုသံလိုလို ဝိုးတဝါး ကြားနေခဲ့ရတာ

ရေတစ်ခွက်လောက် သောက်လိုက်နော်’ ဆိုပြီး ခေါင်းရင်းစားပွဲပေါ်က ရေပုလင်းထဲက ရေတစ်ခွက် ငှဲ့ပေးတယ်။

မောနေတဲ့ ကျွန်မ မျက်လုံးတွေ ရေသောက်ပြီးမှပဲ ငြိမ်သွားခဲ့တယ်။ သူက အိပ်မက်ရဲ့ အကြောင်းအရာတွေကို မမေးခဲ့လို့ တော်သေးတာပေ့ါ။ မေးခဲ့ရင် ကျွန်မ ဘာကို ပြန်ဖြေရမလဲ။ ဘယ်လို လိမ်လည်ပြောရမလဲ။ ရုတ်တရက် စဉ်းစားလို့ ရနိုင်ပါ့မလား။

ရင်မောခဲ့ရတဲ့ အိပ်မက်ကို လွန်မြောက်ခဲ့ရပြီးတဲ့နောက် အချိန်တွေမှာ ကျွန်မ ဒီအကြောင်းတွေကို မတွေးမိအောင် ကြိုးစားနေခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မ မတွေးဘဲ မနေနိုင်ခဲ့ပါဘူး။ မတွေးတော့ဘူးရယ်လို့ ချုပ်တည်း ဆုံးဖြတ်ထားပြီးမှ ပိုလို့တွေးနေမိခဲ့ပြန်တယ်။ အိပ်မက်ထဲအထိ နောက်တစ်ကြိမ် လိုက်မနှောင့်ယှက်တော့တာပဲ ကျွန်မ တော်တော်ကံကောင်းနေတယ်လို့ ဆိုရတော့မှာပေ့ါ။

ကျွန်မ အရှုံးမပေးချင်ပါဘူး။ ဒီစာချုပ်ထဲမှာ တစ်နေ့သူ အမှန်တကယ် လက်မှတ်ထိုးရလိမ့်မယ်။ ကျွန်မဘက်က ခံနိုင်ရည်ရှိအောင် ကြိုးစားထားရတယ်ဆိုတာ သေချာတာပေ့ါ။ ဒါမှလည်း အကျဉ်းကျရာက ကျွန်မဘဝ လွတ်မြောက်မှာ မဟုတ်လား။

*

အဲဒီ နေ့က အခါတိုင်းလို ဈေးသိမ်းပြန်အလာ မြို့လယ်မှာရှိတဲ့ နို့ချဉ်ဆိုင်ကို ကျွန်မ ဝင်ဖြစ်တယ်။ ဈေးထဲမှာ တစ်နေကုန် မြင်နေကျ မြင်ကွင်းတွေကို မြင်နေခဲ့ရပြီး မျက်စိညောင်းခဲ့ရသမျှ မြို့လယ်ကောင်က ရှုခင်းကလေးကို ဟောဒီနို့ချဉ်ဆိုင်ကလေးမှာ ထိုင်ပြီး နို့ချဉ်တစ်ခွက်သောက်ရင်း

အပန်းဖြေရတာ အရသာ ဖြစ်ခဲ့တယ်။

ကြည်လင်နေတဲ့ စိတ်အစဉ်နဲ့ လမ်းမဘက်ကို ငေးနေစဉ်မှာပဲ လေးကန်တဲ့ ခြေလှမ်းတွေနဲ့ လူရွယ်တစ်ယောက် ဆိုင်ထဲကို ဝင်လာတယ်။ သူ့မျက်လုံးတွေက ရှေ့တူရှူကို ကြည့်နေပေမယ့် သူ့အာရုံက အဝေးကို ပျံ့လွင့်နေသလိုပဲ။ ကျွန်မက မျက်လုံးတွေကို လမ်းမပေါ်မှာ ပစ်ကြဲထားပေမယ့် အာရုံက ကျွန်မ ရှေ့စားပွဲမှာထိုင်နေတဲ့ လူရွယ်ဆီကို ရောက်နေမိတယ်။

သူ့အိပ်ကပ်ထဲက ဖောင်တိန်နဲ့ စာရွက်ကိုထုတ်ပြီး ဘာတွေ ရေးနေပါလိမ့်၊ ပြန်ဖတ်နေသလား၊ စာကြောင်းတွေကို ခြစ်ပစ်ပြီး ပြန်ရေးနေသလား၊ ဆက်ရေးနေသလား၊ ဆိုင်အလုပ်သမားက မေးတယ်။ ဘာသောက်မှာတဲ့လဲ။ ‘နို့ချဉ်’ ကျွန်မနဲ့ အကြိုက်ချင်း တူသားပဲ။ နို့ချဉ်သောက်လိုက်၊ လမ်းမအဝေးကို ငေးကြည့်လိုက်နဲ့ သူ့ပတ်ဝန်းကျင်မှာ ကျွန်မ ရှိနေသေးတယ်ဆိုတာမှ သူ သတိမထားမိဘူးလား။

စီးကရက်တစ်လိပ်ကို ဆေးလိပ်မီးညှိလိုက်တဲ့အချိန်လေးများ။ ခင်ဗျားရှေ့မှာ ထိုင်နေတဲ့ ပိုးဟပ်ဖြူမလေးကို လျှပ်တစ်ပြက်ပဲဖြစ်ဖြစ် ကြည့်လိုက်စမ်းပါ။ ကျွန်မ ရုပ်ရည်က အပျင်းပြေ ကြည့်ဖို့ထက် ပိုလို့ ကြည့်ပျော်ပါတယ်။ အပျင်းပြေပဲဖြစ်ဖြစ် စိတ်ဝင်စားတဲ့အကြည့်နဲ့ပဲ ဖြစ်ဖြစ် တစ်ချက်လောက်တော့ ကြည့်ဖို့ကောင်းတယ်။ တကယ်ပါ။ ကျောင်းတုန်းကဆိုရင် ကျွန်မကို ချစ်တဲ့အကြောင်းတွေ လာပြောတဲ့ လူတော်တော်များများ ရှိခဲ့တာပဲ။ အဲဒီ လူတွေကို ပြန်ပြီးဆန်းစစ်ခဲ့ဖူးတယ်။ စိတ်ထဲမှာ တစ်ယောက်မှ စိတ်တိုင်းမကျခဲ့ဘူး။ တစ်ယောက်က ပျော့ညံ့၊ တစ်ယောက်က ကိုယ့်ကိုကိုယ် အလွန်အမင်း အထင်ကြီး၊ တစ်ယောက်က အရက်သမား၊ ကျန်တဲ့အချို့ကျတော့လည်း မျက်နှာအနေထားကိုက ရိုးဖြောင့်တဲ့ စိတ်နေသဘောထားကို ရှာဖွေလို့မရခဲ့ဘူး။

ကျွန်မအတွက် အချစ်ဆိုတာ ငွေမဟုတ်။ အိမ်ပိုင်ရာပိုင် မဟုတ်။ ဖတ်ဖူးတဲ့ စာအုပ်ထဲမှာတော့ အချစ်ဆိုတာ စိတ္တဇနာမ်ဖြစ်တယ်တဲ့။

ကျွန်အတွက်တော့ အချစ်ဆိုတာ ရိုးဖြောင့်ထက်မြက်တဲ့ စိတ္တဇနာမ်လို့သာ သတ်မှတ်လိုက်ချင်တယ်။ ကျွန်မကို ချစ်တဲ့သူဟာ ကျွန်မစိတ်ကို ဆွဲဆောင်မှု ရှိရမယ်။ ကျွန်မမှာ ချစ်သူရှိခဲ့ရင် ကျွန်မ မျှော်လင့်တာတွေ ဖြစ်လာပါ့မလား။

ကျွန်မရှေ့မှာ ထိုင်နေတဲ့သူကရော ကျွန်မစိတ်ကို ဆွဲဆောင်နိုင်ပါ့မလား။ နည်းနည်းပိန်တယ်လို့ ထင်ရတဲ့ ခန္ဓာကိုယ်ပေါ်က ခပ်ညစ်ညစ် ရှပ်အကျႌအဖြူ၊ ခပ်တိုတို ဝတ်ထားတဲ့ ချည်လုံချည်၊ မျက်နှာပေါ်မှာ အဆီတွေဝင်းလို့။ ငွေရေးကြေးရေးအတွက် အလုပ်များနေတဲ့ တရုတ်တန်းဈေးထဲက ပွဲစားပေါက်စလား။ ဒါမှမဟုတ် ဘာအလုပ်မှမလုပ်ချင်ဘဲနဲ့ တစ်နေကုန် ထိုင်နေမယ့် လူနုံ၊ လူပျင်းလား။ အိတ်ကပ်ထဲမှာလည်း ဖောင်းလို့။ ငွေလား။ ကျွန်မ ကြည့်နေတုန်းမှာပဲ သူ့ဖောင်တိန်ကို အဖုံးပြန်ဖုံးပြီး စာရွက်ကလေးကို အချိုးညီခေါက်လို့ အကျႌအိတ်ထဲ ထည့်တယ်။

ပိုက်ဆံရှင်းဖို့ ဆိုင်အလုပ်သမားကလေးကို ရှာနေသလား။ ဟော- ကျွန်မကို မြင်သွားပြီ။ ကျွန်မမျက်လုံးတွေကို သူ ကြည့်နေတာ၊ သူ့မျက်လုံးတွေကို ကျွန်မ မြင်ရတယ်။ အို-ကြည့်ပြန်တော့လည်း သူ့မျက်လုံးတွေက ပိုင်စိုးပိုင်နင်းပါလား။ ကျွန်မဆက်ပြီးတော့ ရင်ဆိုင် မကြည့်ရဲတော့ပါဘူး။ မျက်လွှာချနေဖြစ်တယ်။

မျက်စိပေါက်ကျဉ်းကျဉ်းထဲက ဝင်းလက်တဲ့အရောင်တွေ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့ မျက်လုံးတွေ၊ ပြတ်သားတဲ့ နှုတ်ခမ်းတွေ၊ ဖွာလန်ကြဲနေတဲ့ အရောင်ခပ်မွဲမွဲ ဆံပင်တွေ။ ကျွန်မ ရင်ခုန်နေသလား။ သေချာသွားပြီ။ ကျွန်မ ဘဝမှာ ထူးထူးခြားခြား နှလုံးခုန်တာကို ပထမဆုံးအကြိမ် ကြုံဖူးသွားပြီ။

နောက်ထပ်တစ်ခေါက် ကြည့်လိုက်တော့ စားပွဲမှာ သူမရှိတော့ဘူး။ ဆိုင်ထဲက ထွက်သွားပြီ။ ကျွန်မကို ကျောပေးပြီး လမ်းမတစ်လျှောက် သူစက်ဘီးနင်းသွားပြီပေါ့။ အခါတိုင်း ညနေတွေမှာ သူ မလာဖူးပါဘူး။ ဒီဆိုင်မှာ

ညနေဈေးသိမ်းပြန်တိုင်း အပန်းဖြေရင်း နို့ချဉ် ဝင်သောက်နေကျ။ ဒီနေ့ကျမှ အပမ်းမပြေဘဲ အမောတွေသာ ကျွန်မ ရတော့မလား။

သူက ဘယ်ကို ပြန်သွားမှာလဲ။ ဘယ်မှာနေတာလဲ။ ဒါတော့ ဘယ်ပြောနိုင်မှာလဲလေ။ သူ့ကြည့်ရတာ ကလည်း ပတ်ဝန်းကျင်ကို စိတ်ညည်းညူနေသလိုပဲ။ တစ်စုံတစ်ခုအတွက် သူ ကျပ်တည်းနေသလား။ ငွေရေးကြေးရေး၊ လူမှုရေး ဘာအတွက်လဲ။ သူ့စိတ်ကို ကြည့်ရတာ အချိန်နာရီတွေဟာ သူ့အတွက် အရေးကြီးသလို၊ အရေးမကြီးသလိုနဲ့ ကျွန်မအတွက်ရော အချိန်တွေဟာ အရေးကြီးသလား။ ကျောင်းကထွက် ဘွဲ့တစ်ခုရ၊ ဈေးကြီးထဲမှာ မိဘပိုင်တဲ့ဈေးဆိုင် တစ်ဆိုင်ကို ဝင်ရောက်ကူခဲ့တာ တစ်နှစ်ပြည့်တော့မယ်။ မနက်လင်းတာနဲ့ ရေချိုးဖြီးလိမ်းပြီး ဈေးကိုလာ ဆိုင်ဖွင့်။ ဈေးရောက်တော့ အဆာပြေ မြီးရှည်စား။ ဈေးရောင်း၊ နေ့လယ်ကျတော့ အိမ်က အလုပ်သမား လာပို့တဲ့ ထမင်းစား၊ ညနေဈေးသိမ်း၊ ပိုက်ဆံအိတ်နဲ့ တိုလီမိုလီထည့်တဲ့ ခြင်းတောင်းကလေးဆွဲ အိမ်ပြန်။ ကျွန်မရဲ့ နိစ္စဓူဝ အလုပ်က ဒါပဲလေ။

တကယ်တမ်းတော့ ဒီဈေးဆိုင်ကို ကျွန်မ ဝင်ရောင်းရတာ လည်း အပို အလုပ်ပါ။ ကျွန်မက အလုပ်လက်မဲ့ မနေချင်။ အလုပ်လုပ်တယ်ဆိုတဲ့သဘောနဲ့ ဒီဈေးဆိုင်ကို ရောင်းတာ။ ကျွန်မ ဈေးမထွက်လည်း အိမ်အတွက် ဝင်ငွေကတော့ လူကြီးတွေ ဦးစီးလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေက စီးပွားဖြစ်နေတာပဲ။ ကျွန်မက အစိုးရလုပ်ငန်းကျတော့လည်း ဝါသနာမပါပြန်ဘူး။ ကျွန်မတို့ မျိုးရိုးတစ်ခုလုံးလိုလိုကို ကုန်သည်မျိုးရိုး။

ဒါပေမဲ့ လူဆိုတာ 'အလုပ်မလုပ်လျှင် အငတ်ခံ' ဆိုတဲ့ ပညာကျော်တွေရဲ့ အဆိုအမိန့်ကိုလည်း ကျွန်မ မှတ်သားဖူးတာဆိုတော့ ကျွန်မ စားသောက်နေတာတွေဟာ အလုပ်လုပ်နေလို့ပဲဆိုတာကို ကျွန်မ ပြောလို့ရတာ ပေ့ါ။

ဈေးရောင်းတဲ့အလုပ်ရယ်၊ ဈေးက အပြန် အမောပြေ၊ အညည်းပြေ

နို့ချဉ်ဆိုင်မှာ နို့သောက်၊ အိမ်ရောက်တော့ ရေချိုး၊ သနပ်ခါးလိမ်း၊ ထမင်းစား၊ ဧည့်ခန်းမှာ T.V အစီအစဉ် ကောင်းတဲ့ နေ့ကြည့်။ စာအုပ်ဖတ်ချင် ဖတ်။ ဒီလိုနဲ့ နေ့တစ်နေ့ဟာ နိဂုံးချုပ်။ ကြာလာတော့လည်း ဘဝရဲ့ စိတ်လှုပ်ရှားဖွယ် အပြောင်းအလဲတစ်ခုကို တောင့်တမိတယ်။ အပြောင်းအလဲတစ်ခုတော့ ကျွန်မအတွက် လိုအပ်နေပြီ။ မိဘတွေကတော့ ပြောပါတယ်။ သင့်တော်တဲ့လူနဲ့ အိမ်ထောင်ချပေးကြမယ်တဲ့။ အမေတို့ စီးပွားရေးပတ်ဝန်းကျင်ထဲကပဲ နေမှာပေ့ါ။

စိတ်ခံစားမှုမပါဘဲနဲ့ ယောကျ်ားတစ်ယောက်ကို ပေါင်းသင်းနေထိုင်ရမှာ ကျွန်မစိတ်ထဲ ခြောက်ကပ်ကပ်ကြီး ဖြစ်နေမလားလို့။

သူနဲ့ဆိုရင် ပျော်စရာကောင်းမလား။ ထင်တော့ မထင်ပါဘူး။ သူ့ပုံစံကလည်း စိုစိစိနဲ့။ ဒါပေမဲ့ ဆိုင်ထဲက ထွက်ခါနီး ကြည့်သွားတဲ့ သူ့မျက်လုံးတွေကတော့ ကျွန်မ အတွေးတွေကို နုတ်ယူသွားသလိုပဲ။ ကျွန်မရဲ့ လိပ်ပြာဟာ သူ့နောက်ကို ဖဲပုံ့လိုက် ပါသွားခဲ့တယ်။ အတွေးရှည်တစ်ခုရဲ့ အဆုံးသတ်မှာ သက်ပြင်းတစ်ခုကို မောဟိုက်စွာ ချမိတယ်။

အအေးဆိုင်ထဲက ထွက်လာတော့ လမ်းမီးတွေတောင် လင်းနေပြီ။ အခါတိုင်းနေ့တွေထက် အိမ်ပြန် နည်းနည်း နောက်ကျသွားတယ်။ သူ့အကြောင်းတွေ တွေးနေမိတာကိုး။ ဒီလိုပါပဲ အိမ်ပြန်ရောက်လို့ ရေချိုးခန်းမှာ ရေချိုးချိန်၊ ထမင်းစားခန်းမှာ ထမင်းစားချိန်၊ အခါတိုင်းနေ့တွေထက် အချိန်ပို ကြာသွားခဲ့တယ်။ အာရုံတွေက ပျံ့လွင့်နေခဲ့တာကိုး။

ဒီလောက်အထိ ပြတ်ပြတ်သားသားနဲ့ သတ္တိကောင်းလိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး။ ကျွန်မ တစ်ယောက်တည်း ထိုင်နေတဲ့စားပွဲကို သူ လာထိုင်တော့ နည်းနည်း ထိတ်သွားတယ်။ သက်သက်မဲ့လာထိုင်တာတော့ မဟုတ်လောက်ပါဘူး။ တစ်ဆိုင်လုံး ကြည့်လိုက်တော့ စားပွဲလွတ် မရှိတော့ဘူး။ ဈေးပြန်၊ ရုံးပြန်တွေနဲ့ နို့ချဉ်ဆိုင်ကလေးဟာ စည်ကားနေတော့တယ်။ ညနေခင်းဟာ နေပူရှိန် မြင့်နေခဲ့သေးတယ်။

‘ဒီမှာ ထိုင်နေမယ်နော်’ ဆိုပြီး ကျွန်မ တစ်ယောက်တည်း ရှိနေတဲ့ စားပွဲကို သူ လာထိုင်တော့ အပြင်ဘက်မှာ နေပူနေတာကို ကျွန်မ မကြည့်ဖြစ်တော့ဘူး။ ကျွန်မ ကိုယ်နေဟန်ထားတွေ ပုံပျက်ပန်းပျက် ဖြစ်သွားတာကို သူ ရိပ်မိသွားလေသလား။ တကယ်တမ်းတော့ ဒီအချိန်မှာ ကျွန်မစိတ်တွေ လှုပ်ရှားနေတာကို သူသိမသွားဖို့ အရေးကြီးနေမယ် ထင်တယ်။ ကျွန်မ မျက်နှာအနေအထားကို နဂိုပုံစံနေနေကျအတိုင်း ကြိုးစားပေမယ့် အတွင်းစိတ်တွေ လှုပ်ရှားနေသလို မျက်နှာရိပ်တွေဟာလည်း လှုပ်ရှားနေလိမ့်မယ်ဆိုတာ သေချာတယ်၊ တကယ်ဆို ကျွန်မ အမူအရာတွေ ဘာပြောင်းလဲစရာ လိုသလဲနော်။

‘ရုံးတစ်ရုံးမှာ အလုပ်လုပ်သလား’ လို့ သူက မေးတော့ ကျွန်မက ‘မလုပ်ပါဘူး၊ ဈေးထဲမှာ ဆိုင်ဖွင့်ပါတယ်’ ကျွန်မအသံတွေ တုန်လှုပ်မနေလို့ ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေမိတယ်။

ဒီလိုနဲ့ ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်သွားတယ်။

တချို့နေ့လယ်တွေမှာ ဈေးထဲကိုလာပြီး စကားပြောတတ်တယ်။ နေ့တိုင်းတော့ မဟုတ်ဘူး။ တစ်ခါတစ်ရံ မနက်စောစော။ တစ်ခါတစ်ရံ ညနေဆိုင်သိမ်းခါနီး မှ ရောက်လာတတ်သည်။ သူ့အိတ်ထဲမှာ ပိုက်ဆံလည်း အမြဲမပြတ် ပါလာတတ်တယ်။ သူဘာအလုပ်များ လုပ်ပါလိမ့်။ ပုံစံကတော့ ကျောင်းဆရာပုံစံပါပဲ။ ဒါပေမဲ့ ကျောင်းဆရာအလုပ် တစ်ခုတည်းနဲ့လည်း ပိုက်ဆံအများကြီး ကိုင်ထားနိုင်မှာ မဟုတ်ဘူးထင်တယ်။ မနက်ခင်း မီးရှည်အတူတူစားဖြစ်တဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ညနေခင်း နို့ချဉ်အတူတူ သောက်ဖြစ်တဲ့အခါပဲ ဖြစ်ဖြစ်၊ သူကပဲ ပိုက်ဆံထုတ်ပေးတယ်။ ကျွန်မပေးတာကို ခါးခါးသီးသီး လက်မခံခဲ့ဘူး။

သူကုန်ကျတဲ့ ငွေကြေးလောက်တော့ ကျွန်မလည်း အကုန်ကျ ခံနိုင်ပါတယ်။ သူ့ရဲ့ မာနတံခွန်ကို ထူပြတာလား၊ ဘယ်လိုသဘောလဲဆိုတာ ကျွန်မ တွေးနေခဲ့သေးတယ်။

ကျွန်မက အိမ်လိုက်လည်ပြီး လူကြီးတွေနဲ့ စကားပြောဖို့ တွေ့ပေးမယ်ပြောတော့ သူက ကျွန်မ ဖိတ်ခေါ်ချက်ကို လက်ခံခဲ့တယ်။

ချိန်းထားတဲ့နေ့မှာပဲ အိမ်ကို သူ အလည်လိုက်ခဲ့တယ်။ အခါတိုင်းထက် သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင် လာတော့လည်း သူ့ပုံစံက ဘယ်ဆိုးလို့လဲ။ သူ့ကို အခုပုံစံအတိုင်း အမြဲတမ်း သပ်သပ်ရပ်ရပ် မြင်ချင်ပါရဲ့။ သူ့ဗီဇနဲ့သူ ဆိုတော့လည်း မတတ်နိုင်ခဲ့ဘူး။

ကျွန်မ ဖေဖေကတော့ အလုပ်တွေများနေလို့ သူ့ကို ခဏလောက်ပဲ စကားဧည့်ခံပြောနိုင်တယ်။ စကားပြောကောင်းတဲ့ ကျွန်မ မေမေကတော့ သူပြန်သည်အထိ ဧည့်ခံနေခဲ့တယ်။ အခုခေတ် အဘိုးကြီး၊ အဘွားကြီးတွေကလည်း ချက်ဆို နားခွက်က မီးတောက်ပြီးသား။ သမီးမိန်းကလေးက ယောကျ်ားလေး အိမ်ခေါ်လာပြီး မိဘနဲ့ တွေ့ပေးတယ်ဆိုကတည်းက သဘောပေါက်ပြီးသားနေမှာပေ့ါ။

ကျွန်မ အားနာတာက မေမေက သူ့ကို မေးခွန်းတွေ တစ်သီးတစ်တန်းကြီး မေးတယ်။ သူကတော့ စပ်စုလိုက်တဲ့ အဘွားကြီးလို့ ထင်မလားမသိဘူး။ မိဘတွေက ဘယ်ဇာတိလဲ။ ဘယ်မှာနေလဲ။ ဘာစီးပွားရေးလုပ်လဲ။ ဝန်ထမ်းလား၊ ဘယ်ဌာနကလဲ။ ညီအစ်ကိုမောင်နှမ ဘယ်နှယောက် ရှိလဲ။ ကုန်သည်နွယ်ဖွား ပွဲစားကတော်ရယ်လို့ မပြောရဘူး။ စကားပြောတာတွေက အကျင့်ပါနေပြီ ထင်ပါရဲ့။

သူ့မျက်နှာကို ကျွန်မ အကဲခတ်ကြည့်နေခဲ့တယ်။ သူ့မျက်နှာတစ်ချက် မပျက် စကားတွေ တုံ့ပြန်ပြောနိုင်ခဲ့တာပဲ။ ဒီလိုကျတော့လည်း သူစကားပြောတတ်သားပဲလို့ ကျွန်မ စိတ်ထဲက ချီးကျူးဖြစ်နေသေးတယ်။ လူငယ်တစ်ယောက်အနေနဲ့ လူကြီးတွေနဲ့ အလျဉ်းသင့်အောင် စကားပြောတတ်တယ်ဆိုတဲ့ အရည်အချင်းဟာ ကျွန်မအမြင်တော့ နည်းတဲ့ အရည်အချင်း မဟုတ်ဘူးလို့ မှတ်ချက်ချမိတယ်။ တချို့လူငယ်တွေဟာ လူကြီးတွေနဲ့

စကားပြောရမှာကို ဝန်လေးတတ်ကြတယ်။ စိတ်မရှည်တတ်ကြဘူး၊ အဘိုးကြီး၊ အဘွားကြီးတွေဆိုလို့ရှိရင် အမြဲတမ်း လျှာရှည်တယ်လို့ ထင်နေတတ်ကြတာ။

ကျွန်မ အအံ့သြဆုံးကတော့ မေမေက သူ့ကို လူလေးက ဘာအလုပ်လုပ်လဲလို့ မေးတော့ 'ကျွန်တော်က ဆေးရုံကြီးက လက်ထောက်ဆရာဝန်ပါ' တဲ့။ ကျွန်မ နားတောင် ကျွန်မ မယုံဘူး။ ဟုတ်ရဲ့လား။ လူကြီးကိုတော့ သူလိမ်ညာ မပြောတန်ကောင်းပါဘူး။ (သူ ဘာအလုပ်လုပ်တယ်ဆိုတာကို ကျွန်မ မေးမထားမိပဲကိုး။ စပ်စုတယ်ထင်မှာစိုးလို့ သူ ဘာအလုပ်လုပ်တယ် ဆိုတာကို ကျွန်မ မမေးဖြစ်ခဲ့ဘူး) သူ့ပုံစံကဖြင့် ဆရာဝန်တစ်ယောက်ရဲ့ ပြင်ပအသွင် လုံးဝ မတွေ့ရဘူး။ ကျွန်မ တွေ့ဖူးသမျှ ဆရာဝန်တွေကတော့ ဆရာဝန်ဆိုတဲ့ လူတန်းစားလို့ပဲ သတ်မှတ်ခွဲခြားပေးလိုက်သလိုပဲ၊ သပ်ရပ်သန့်ပြန့်ပြီး မြင်လိုက်တဲ့လူအတွက် အထင်ကြီးစရာ၊ အားကျစရာကောင်းသွားတတ်ပါရဲ့။ ဒါပေမဲ့ သူ့ရဲ့ ပြင်ပ အဆင်အပြင် ကြည့်လို့ကတော့ အထင်ကြီးအားကျစရာ တစ်ကွက်မှ မရှိဘူး။ ဒီလိုနေတာကိုပဲ ချစ်ခဲ့သေးတယ်နော်။ ကျွန်မချစ်တာက သူ့ရဲ့ ပြင်ပအဆင်အပြင်မှ မဟုတ်တာ။ သူ့ရဲ့တည်ကြည်ရဲရင့်ဖျတ်လတ်တဲ့ အတွင်းစိတ်နေ သဘောထားနဲ့ ဆင်ခြင်တုံတရားကြီးမားတာတွေပါပဲ။

မင်္ဂလာဆောင်ဖိတ်စာရိုက်ဖို့ စီစဉ်ကြတော့လည်း သူက ဘွဲ့တွေ ဘာတွေ လျှောက်ထည့်မနေပါနဲ့။ နှစ်ဖက် မိဘရယ် ကိုယ်နဲ့မင်းနာမည်ရယ်ပါရင် ပြီးတာပဲတဲ့။ ကျွန်မက ဘယ်ဟုတ်မလဲ အစ်ကိုရယ်။ ဒီ ဘွဲ့တစ်ခုစီ ရဖို့ကိုပဲ အချိန်တွေ အကုန်ခံ၊ ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး ကြိုးစားခဲ့ရတာ မဟုတ်လား။ အဲဒီ ပင်ပန်းမှုအတွက် ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသင့်ပါတယ်။ ကျွန်မ ခံယူချက်ကို သူ သဘောပေါက်ကောင်းပါရဲ့။

မင်္ဂလာအခမ်းအနားကို ကျွန်မသဘော တစ်ခုတည်းနီးပါးကျအောင် ကျင်းပခဲ့တယ်။ သူ့ကိုယ်ရေးကိုယ်တာနဲ့ ပတ်သက်တတဲ့

အကြောင်းအရာဆိုလျှင်တော့ သူ့ကို တိုင်ပင်ပါတယ်။ မင်္ဂလာပွဲကိုလာတဲ့ သူ့သူငယ်ချင်းတွေရဲ့ ပုံစံကလည်း သူ့လိုပါပဲ။ ခပ်အေးအေးသမားတွေ။ မင်္ဂလာပွဲမှာ သူ့သူငယ်ချင်းတစ်ယောက်ရဲ့ မှတ်ချက်ချ စကားတစ်ခွန်းကို ကျွန်မ သတိရနေမိတယ်။

'မင်္ဂလာဆောင်လိုက်တာ ကောင်းပါတယ်၊ မင်းအတွက် အပြောင်းအလဲ ဖြစ်သွားတာပေ့ါ' တဲ့။

အပြောင်းအလဲလေးတစ်ခုအတွက်ပဲ သူ မင်္ဂလာဆောင်လိုက်တာလား။ မင်္ဂလာဆောင်လိုက်တာဟာ ထူးထူးခြားခြား ပျော်ရွှင်ဖွယ်ကောင်းတဲ့ ပြောင်းလဲမှု သဘောရောက်အောင် သူ့သူငယ်ချင်းက ပြောလိုက်တာလား။ အဓိပ္ပာယ်နှစ်မျိုးကို ကျွန်မ ခွဲခြားစဉ်းစားနေခဲ့သေးတယ်။ ဒုတိယအဓိပ္ပာယ်ကို သက်ရောက်အောင် ပြောတာတော့ မဟုတ်နိုင်ပါဘူး။ သူ့သူငယ်ချင်းဟာ အဲဒီ စကားကို အပေ့ါတန်ဆုံး အမူအရာနဲ့ ပြောခဲ့တာပဲ။ တကယ်တမ်းဆို ဗမာအမျိုးသားတစ်ယောက်ရဲ့ ရိုးရာအရ ဘဝမှာ တစ်ခါသာ ကြုံရတဲ့ မင်္ဂလာပွဲမှာ သူတို့မျက်နှာဟာ ပျော်ရွှင်နေဖို့သင့်တာပေ့ါ။ သူနဲ့သူ့ သူငယ်ချင်းတွေအားလုံး မပြုံးတတ်ကြဘူးလား။ အပြုံးအရယ် နည်းပါးလိုက်ကြတာ။ ပြောလို့သာ ပြောရတာ ပါ။ ကျွန်မကိုယ်တိုင်ကလည်း ပြုံးခဲရယ်ခဲတယ်လို့ ကျွန်မ ပတ်ဝန်းကျင်က ကောက်ချက်ချခဲ့ဖူးတာပဲ။

*

ဒါ ကိုယ့်ရဲ့ ရည်းစားဟောင်းပေ့ါဆိုပြီး ကျွန်မကို သူ့ဘေးမှာ ပါလာတဲ့ အမျိုးသမီးနဲ့ မိတ်ဆက်ပေးတော့ ကျွန်မ သူ့ကို အံ့သြသွားမိတယ်။ သူကတော့ ဘာမှအပြောင်းအလဲ မပါတဲ့ မျက်နှာနဲ့။ တကယ်တမ်းဆို ကိုယ်နဲ့ တရားဝင် လက်ထပ်ပြီးသား ဇနီးသည်ကို သူ့ရဲ့ ရည်းစားဟောင်းနဲ့ မိတ်ဆက်ပေးတဲ့ကိစ္စဟာ

ကျွန်မအတွက် ဘယ်လို စိတ်ခံစားမှု ရှိနိုင်မယ်ဆိုတာ သူ မစဉ်းစားမိဘူးလား။ အဲဒီ အချိန်မှာ ကျွန်မ မျက်နှာပျက်သွားသေးလား မသိဘူး။ တတ်နိုင်သမျှ ဟန်မပျက်အောင် ထိန်းပြီး စကားပြန်ပြောရတယ်။

ကိုဝင်းသိန်းတို့ မင်္ဂလာပွဲကျင်းပချိန်က ကျွန်မက အဝေးမှာမို့ မရောက်ဖြစ်ခဲ့ဘူး။ အစိုးရဝန်ထမ်းဆိုတော့ ဒီလိုပဲ။ လူမှုရေးလစ်ဟင်းမှုတွေ ကြုံရတာ မဆန်းတော့ပါဘူး။ ကျွန်မကိုလည်း ကိုဝင်းသိန်းလိုပဲ ရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါတယ်လို့ သူက ပြောတော့ ကျွန်မမျက်နှာမှာ အပြုံးတုတစ်ခု တပ်ဆင်ပြီးသား ဖြစ်သွားတယ်။ ကျွန်မအတွက် နေရတာ ကျပ်တည်းနေခဲ့တယ်။ ဧည့်ခန်းထဲက ထွက်ပြေးချင်တယ်။ ဒီအိမ်ဟာ ကျွန်မနဲ့အစ်ကိုအတွက် ကျွန်မမိဘတွေက လက်ဖွဲ့ထားတဲ့အိမ်ပါ။ ကျွန်မ ထိန်းသိမ်းနေရတဲ့ အိမ်ထဲက ကျွန်မ ထွက်ပြေးရမှာလား။

အစ်ကိုရဲ့ မိတ်ဆွေ (ရည်းစားဟောင်း) တစ်ယောက်ကို ဧည့်ဝတ်မကျေပွန်ရင် ကျွန်မအတွက် အစ်ကို မျက်နှာပျက်မှာပေ့ါ။ ဒီလိုမဖြစ်သင့်ပါဘူး။ မိန်းမဆိုတာ သဝန်တိုစိတ် ရှိတတ်တာတော့ အစ်ကို နားလည်မှာပါ။ ပြီးတော့ ရည်းစားဟောင်း တစ်ယောက်အတွက် ကျွန်မနဲ့သူ ပြဿနာ ဖြစ်အောင်တော့ ဖန်တီးမှာ မဟုတ်ဘူးလို့ ယုံကြည်နေမိတယ်။

'မြင့်မြင့်ကြည်နဲ့ အစ်ကိုက အထက်တန်းကျောင်းကတည်းက ရည်းစားဖြစ်ခဲ့တာ၊ ဆေးကျောင်းက ဆင်းသည်အထိပဲ။ အလုပ်ရတော့ မြင့်မြင့်ကြည်က နယ်ကို ရောက်သွားတယ်၊ ကိုယ်ကတော့ မိဘတွေရဲ့ အကူအညီနဲ့ မြို့ကြီးအနီးအနားမှာပဲ တာဝန်ကျခဲ့တယ်၊ အလုပ်ဝင်ကတည်းက ဝေးသွားလိုက်တာ အခုမှ ပြန်ဆုံကြတာပဲ၊ မြင့်မြင့်ကြည်က မင်းနဲ့ကိုယ့်အတွက် ဧည့်သည်မဟုတ်ဘူး။ မိတ်ဆွေရင်းတစ်ယောက်ဆိုတာ အသိအမှတ်ပြုပေးပါ'

အရင်တုန်းက အစ်ကို့မှာ ရည်းစားရှိတယ်ဆိုတာကို ပြောမပြခဲ့ဘူး။ အရေးမကြီးတဲ့ သဘောနဲ့ ပြောမပြဘဲ နေခဲ့တာလား။ ပြောပြဖို့ ခက်ခဲနေခဲ့လို့လား။

ကျွန်မအပေါ်မှာ မရိုးမသားနဲ့ ဖုံးကွယ်ထားတာဆိုရင်တော့ ကျွန်မ တစ်သက် ဝမ်းနည်းဖွယ်ရာများနဲ့သာ အဆုံးသတ်ရတော့မယ်လို့ ထင်မိတယ်။

မြင့်မြင့်ကြည်နဲ့ ရည်းစားဖြစ်ခဲ့တဲ့ အကြောင်းကို ပြောမပြမိခဲ့လို့ မင်းစိတ်ထဲမှာ အနှောင့်အယှက် ဖြစ်မနေပါနဲ့။ ဘာမှအကျိုးမရှိနိုင်လို့ ကိုယ်မပြောခဲ့တာ။ အနာဂတ်နဲ့ ပစ္စုပ္ပန်ကို အကျိုးယုတ်စေမယ့် အတိတ်ကို ဘယ်တော့မှ ယူမလာချင်ဘူး။ မြင့်မြင့်ကြည်နဲ့ ကိုယ် ၁၀-နှစ်လောက် ချစ်ခဲ့တာပဲ။ ဖူးစာမှမပါတာ။ မင်းနဲ့ကိုယ် ဘယ်နှနှစ်ကြာလို့လဲ တစ်နှစ်တောင် မပြည့်ဘူး။ ဖူးစာပါတော့လည်း ပေါင်းရတာ ပဲ။

အစ်ကိုပြောတဲ့ စကားနှင့် နားထောင်ရတာ သက်သာသလို ရှိလာတယ်။ စိတ်ကျဉ်းကျပ်မှုလည်း လျော့ပါးလာတယ်။

သူတို့နှစ်ယောက်မှာ ခံစားချက် မရှိကြတော့ဘူးလားလို့ တွေးမိတယ်။ သူတို့ရဲ့ အမူအရာတွေဟာ တကယ်ကို ဘာမှ ခံစားချက်မရှိတော့တဲ့ အတိုင်းပဲ။ သေချာဆန်းစစ်ကြည့်တော့ သူတို့နှစ်ယောက် စကားပြောနေကြတာ ကိုယ့်အကြောင်းကိုယ် ပြောနေတာနဲ့ မတူဘဲ သူများအကြောင်းကို ပြောနေကြတာနဲ့ တူနေခဲ့တယ်။ မမြင့်မြင့်ကြည်လို မိန်းကလေးကလည်း ပတ်ဝန်းကျင်လောကထဲမှာ ရှိသေးပါလားလို့ နောက်ဆုံးအနေနဲ့ ကောက်ချက်ချခဲ့ရတယ်။

သူတို့နှစ်ယောက် ဘာလို့ လက်မထပ်ဖြစ်ခဲ့ကြတာပါလိမ့်။ စီးပွားရေးအတွက်တော့ မဖြစ်နိုင်ဘူး။ သူတို့တတ်ထားတဲ့ ဆေးပညာနဲ့ နှစ်ယောက်လုပ်အားဆိုရင် စားဝတ်နေရေးအတွက်တော့ ပူဖို့ မလိုနိုင်ဘူး။ စိတ်ဓာတ်ချင်း မတိုက်ဆိုင်လို့လား။ အထက်တန်းကျောင်းကတည်းက ရည်းစားဖြစ်ခဲ့တာဆိုတော့ သူတို့ရဲ့ မျက်နှာနှစ်ခုကလည်း သေချာယှဉ်ကြည့်လိုက်ရင် သိပ် လိုက်ဖက်တာပဲ။ တစ်ယောက်နဲ့တစ်ယောက် အဆုံးစွန် နားလည်နေကြသလိုပဲ။ ကျွန်မ သည်မေးခွန်းကို အထပ်ထပ် မေးနေမိတယ်။ သူတို့ ဘာလို့ လက်မထပ်ဖြစ်ကြပါလိမ့်ဆိုတာပေါ့။

အစ်ကိုပြောသလို သူတို့နှစ်ယောက် ဖူးစာမပါလို့ပဲလား။ ဒီအကြောင်း တစ်ခုပဲ ရှိတော့တာ။ ဒီထက်ပိုလို့ မစဉ်းစားနိုင်တော့ဘူး။

အဲဒီ နေ့က မမြင့်မြင့်ကြည် ကျွန်မတို့အိမ်မှာ ညစာစားပြီးမှ ပြန်သွားတယ်။

အဲဒီ နောက်တော့ သူမဟာ မကြာခဏဆိုသလို ညစာ လာစားတတ်ပါတယ်။ တစ်ခါတရံတော့လည်း ကျွန်မအတွက်ဆိုပြီး စားစရာတွေ မြို့ထဲက ဝယ်လာတတ်သေးတယ်။ ထမင်းစားပွဲမှာလည်း သူတို့ဆေးရုံက လူနာတွေရဲ့ ရောဂါအမျိုးအမည်တွေ၊ တာဝန်အချိန်ဇယားတွေ၊ ဂတ္တုစာအုပ်အကြောင်းတွေလည်း ပြောတတ်ကြသေးတယ်။ ပတ်ဝန်းကျင်ချင်း မတူပေမယ့် အစ်ကို့အတွက် ကျွန်မ နားလည်ပေးပါတယ်။ မျက်နှာပေါ်မှာ ကျွန်မရဲ့ စိတ်ကျဉ်းကျပ်မှု အရိပ်တွေ မထင်အောင် ဂရုစိုက် နေထိုင်ပါတယ်။ အဲဒီ လို ဂရုစိုက် နေထိုင်ရတာ ကိုပဲ ကျွန်မရဲ့စိတ်ဟာ အကျဉ်းအကျပ်ထဲ ရောက်မှန်းမသိ ရောက်ခဲ့ရတာ ပေါ့။

ကျွန်မ ထင်တယ်လေ။ အစ်ကိုဟာ ကျွန်မထက် မမြင့်မြင့်ကြည်နဲ့ ပိုပြီး စကားပြောဖြစ်သလားလို့ ကျွန်မ မျက်မြင်ပဲလေ။ လုပ်ငန်းခွင်အတူတူဆိုတော့ ပြောစရာစကား ပိုများမှာပေါ့လေ။ ကျွန်မ ရှာကြံပြီး ခွင့်လွှတ်မိပြန်တယ်။

ကျွန်မအတွက် စိတ်လေးလံစွာ ကယောင်ချောက်ချား ဖြစ်ခဲ့ရတဲ့ညတွေကတော့ အစ်ကိုနဲ့သူမ ညစာထမင်း အတူတူစားပြီး ညတာဝန်အတွက် ဆေးရုံကို ခပ်သွက်သွက် ထွက်သွားကြတဲ့ ပြိုင်တူခြေလှမ်းတစ်စုံကို ကြည့်ရင်းနဲ့ ဂမ်းနည်းရတဲ့ ညတွေပေါ့။ အဲဒီ လို ညနေတွေမှာ အစ်ကို့ခြေလှမ်းတွေဟာ အခါတိုင်းနေ့တွေထက် ပိုသွက်နေသလားလို့။

ဘယ်သူ ပြောနိုင်မှာလဲလေ။ ကျွန်မ မျက်ကွယ်မှာ အစ်ကိုနဲ့သူမ

ညတာဝန် ထမ်းဆောင်ရတဲ့ ဆေးရုံခန်းတွေ၊ ကျွန်မ ကြားဖူးနားဝ ရှိခဲ့ဖူးတယ်။ ဆေးရုံက ဆရာဝန်နဲ့ ဆရာဝန်မတွေရဲ့ ပွင့်လင်းတဲ့ လူမှုဆက်ဆံရေး၊ ဆရာဝန်နဲ့ တခြားတွဲဖက်တာဝန် ထမ်းဆောင်ရတဲ့ ဆရာမတွေ၊ ညတာဝန်ထမ်းဆောင်ချိန် ဇာတ်လမ်းတွေလည်း စာအုပ်တွေထဲမှာ ဖတ်ဖူးတယ်။ စိတ်ကူးနဲ့ ရေးတာပဲလား။ အဖြစ်မှန်တွေပဲလား။ ကျွန်မစိတ်ကို အနှောင့်အယှက် ဖြစ်စေခဲ့တာတော့ အမှန်ပဲ။

*

ကြာပြီ။ ဒီလိုနဲ့ အချိန်တွေကုန်ခဲ့တာ ကြာပြီ။ အစ်ကိုတို့ဘယ်လောက်ပဲ ရိုးရိုးသားသား နေကြတယ် ပြောပြော။ ကျွန်မ စိတ်တွေကတော့ အတွင်းကြေကြေနေခဲ့ရတယ်။ အရှုံးမပေးဖြစ်ရုံတစ်မည်ပါပဲ။

ဘာပဲဖြစ်ဖြစ်လေ အစ်ကို့ရဲ့ တရားဝင်ဇနီးဟာ ကျွန်မပဲ မဟုတ်လား။ ကျွန်မက စလို့ ခွဲထွက်မသွားပါဘူး။ ကျွန်မရဲ့ ဇနီးကျင့်ဝတ်တွေကို အတတ်နိုင်ဆုံး ထိန်းသိမ်းသွားရလိမ့်ဦးမယ်။ ကျွန်မဘက်က စည်းကမ်းရှိဖို့၊ တာဝန်ကျေဖို့၊ အပြစ်မဲ့ဖို့ လိုအပ်တာပဲလေ။ ဒီအခြေအနေရောက်ပြီးမှတော့ ကျွန်မဘဝကို အပြောင်းအလဲလုပ်ဖို့ မသင့်တော်တော့ဘူး။

လင်မရှိတဲ့ မိန်းမ မျက်နှာငယ်သတဲ့။ အများတွေကို ဆုံးဖြတ်ပြီးမှ နောင်တရရမှာကို တွေးပြီး ကျွန်မ ကြောက်ရွံ့စွာ ဆင်ခြင်နေမိသေးတယ်။ အနာဂတ်ကို အကောင်းဆုံးဖန်တီးဖို့ ကျွန်မ ကြိုးစားလေ့ကျင့်ရတော့မှာပဲ။

အစ်ကိုနဲ့ စတွေ့စဉ် နေ့ရက်များကိုသာ လွမ်းနေမိတော့တယ်။ သူ့ရဲ့ မျက်လုံးကျဉ်းကျဉ်းထဲက ဝင်းလက်တဲ့အရောင်တွေ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့ မျက်လုံးတွေ ပြတ်သားတဲ့နှုတ်ခမ်းတွေ၊ တည်ကြည်ရဲရင့် ဖျတ်လတ်တဲ့ အတွင်းစိတ်နေသဘောထားတွေနဲ့ ဆင်ခြင်တုံတရားကြီးမားတာတွေပါပဲ။

လူတစ်ယောက်ရဲ့ ဗီဇဆိုတာ ဘယ်တော့မှ ပျောက်ဆုံးမသွားဘူးဆိုတဲ့ အသိကိုလည်း ကျွန်မ သတိရနေသင့်တယ်။

နောက်ဆုံးတော့ အစ်ကိုမရှိတဲ့ ညတွေမှာ ထုတ်ကြည့်ရင်း ဝမ်းနည်းစွာ ကြောက်လန့်ခဲ့ရတဲ့ စာရွက်တစ္ဆေကို မီးရှို့ပစ်လိုက်တော့တယ်။ ကွာရှင်းပြတ်စဲပြီးစီးခြင်းအတွက် ကျွန်မ လက်မှတ်တစ်ခုသာ ထိုးထားတဲ့ စာချုပ်ကလေး ပြာမှုန့်များအဖြစ် အဆုံးတိုင် လောက်ကျွမ်းသွားချိန်မှာ ကျွန်မရဲ့ သံသယစိတ်တွေပါ လောင်ကျွမ်းပြာကျသွားသလားဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် မယုံကြည်နိုင်သေးဘူးပေါ့။

*